# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 26 , 2023 — Volume 71, Number 19


၂၆.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၆ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၃၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၁.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၉.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၈.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့ကော်ဖီကို ကုန်ကြမ်းအဖြစ်သာ တင်ပို့နိုင်သေး




မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကော်ဖီကို တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့ရန် ကြိုးစားနေသော်လည်း အခက်အခဲများရှိနေသဖြင့် ယခုအချိန်ထိ တင်ပို့နိုင်ခြင်းမရှိသေးဟု မြန်မာနိုင်ငံ ကော်ဖီအသင်းနာယကဖြစ်သူ ဦးရဲမြင့်မှပြောသည်။

ကော်ဖီကုန်ချောတင်ပို့ရန်အတွက် ပြည်ပမှ packaging ကို တင်သွင်းရမည်ဖြစ်သဖြင့် ယင်းသို့တင်သွင်းရန် သွင်းကုန်ပါမစ်ရယူခြင်း အပါအဝင် စသည့်လုပ်ငန်းဆိုင်ရာကိစ္စများတွင် သက်ဆိုင်ရာတာဝန်ရှိသူများဘက်မှ ဖြေလျှော့ပေးမှုများလုပ်ဆောင်ပေးမှသာ အမြန်ဆုံးတင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။

"ကုန်ချောပို့ဖို့လုပ်တယ်ဗျ။လုပ်တဲ့အခါမှာ.ဟိုဘက်က Packaging တွေကို ဒီတိုင်းလှမ်းပို့တယ်၊ လှမ်းပို့တော့ ဒီဘက်က ready မဖြစ်သေးဘူး၊ သွင်းကုန်ပါမစ်တွေ ဘာတွေယူရတာတွေရှိသေးတယ်၊ အဲ့ဒီ packaging ထဲမှာမှ ဒီဘက်က လှော်တဲ့ဟာကို ထည့်ပြီးပြန်ပို့ပေါ့၊ အထည်ချုပ် CMP လိုပေါ့ဗျာ ၊ ဟိုဘက်က packaging ပို့ ဒီက ကော်ဖီမှုန့်ထည့်ပြီးပြန်ပို့ပေါ့၊ အဲ့ဒါမျိုးတွေရှောရှောရှူရှူဖြစ်ဖို့ဆိုတာ အကျိုးပြုစနစ်ပေါ့ မလိုအပ်တဲ့ဟာတွေကို ဖြေလျှော့ဖို့၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေလုပ်ဖို့ပေါ့၊" ဟု မြန်မာနိုင်ငံ ကော်ဖီအသင်းနာယက ဦးရဲမြင့်မှပြောသည်။

အကယ်၍ မြန်မာ့ကော်ဖီကို ကုန်ချောအဖြစ်သာ ပြည်ပနိုင်ငံများကို တင်ပို့နိုင်မည်ဆိုပါက ကော်ဖီစိုက်တောင်သူများအပြင် ကော်ဖီစေ့လှော်သည့်လုပ်ငန်းများ၊ ကော်ဖီဆိုင်များ၊ တင်ပို့ရောင်းချသူများအားလုံး အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။ "ကုန်ချောမပို့နိုင်သေးဘူး၊ သွားဖို့ကအဆင်မပြေနိုင်သေးဘူး၊ စိုက်ပျိုးရေးသမားထက် လှော်သူကပိုမြတ်မယ်၊ လှော်သူထက် ဆိုင်ဖွင့်သူကပိုမြတ်မယ်၊ ဆိုင်တွေလည်းလောလောဆယ် အခွန်မဆောင်ခိုင်းဖို့ပေါ့၊ တိတိကျကျလုပ်ဖို့ လုပ်တာပေါ့၊ တည်ဆဲဥပဒေဖောက်ဖျက်သူတွေကိုလည်း အရေးယူဖို့လိုသလို အကျင့်ဖျက်ချစားမှုတွေကိုလည်း ပပျောက်အောင် လုပ်ဖို့လိုတယ်။ လေနဲ့လုပ်ရင် လေပဲဖြစ်မယ်"ဟု ဦးရဲမြင့်မှထပ်မံပြောပြသည်။

### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ထို့ကြောင့် လက်ရှိတွင် မြန်မာနိုင်ငံ၌ ကော်ဖီကို ကုန်ချောအဖြစ်ထုတ်လုပ်ရန် နည်းပညာပိုင်း၊ ဈေးကွက်ရှိသော်လည်း ပြည်ပနိုင်ငံများကို ကုန်ချောတင်ပို့နိုင်ခြင်း မရှိသေးဘဲ ကုန်ကြမ်းသာ တင်ပို့နေရဟုသိရသည်။

မြန်မာ့ကော်ဖီကုန်ကြမ်းကို ပြည်ပတင်ပို့မှုအနေဖြင့်မူ ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီနှင့် UAE နိုင်ငံများသို့ တင်ပို့ရောင်းချနေကြောင်းသိရသည်။ ယခုနှစ်တွင် ကော်ဖီတစ်တန်ဈေးနှုန်းတန်ဖိုးသည် ကုန်စည်အရည်အသွေးပေါ်မူတည်ကာ အမေရိကန်ဒေါ်လာ ၅၅၀၀ မှ ၈၃၀၀ ဝန်းကျင်အထိ ပေါက်ဈေးရှိနေကြောင်းသိရ သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ပျိုးသည့် စိုက်ဧက ၅၀၀၀၀ ခန့်ရှိပြီး ဧက ၃၈၀၀၀ ဝန်းကျင်တွင် Arabica အာရေးဗီးကား ကော်ဖီမျိုးစိုက်ပျိုးပြီး ကျန်သည့်ဧက ၁၂၀၀၀ ဝန်းကျင်တွင် Robusta ရိုဘမ်စတာ ကော်ဖီမျိုးကို စိုက်ပျိုးကြောင်းသိရသည်။

မြန်မာနိုင်ငံတွင်နှစ်စဉ် ကော်ဖီတန်ချိန် ၉၀၀၀ ကျော်ထွက်ရှိပြီး Arabica ကော်ဖီကိုသာ ကမ္ဘာ့ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေခြင်းဖြစ်သည်။ ကော်ဖီကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း ပြင်ဦးလွင်ဒေသတွင် အများဆုံးစိုက်ပျိုးကြပြီး၊ ချင်းပြည်နယ်စသည့် မြို့နယ်အချို့တွင် စိုက်ပျိုးကြကြောင်းသိရသည်။

ကော်ဖီထုတ်ကုန်သည် ကမ္ဘာ့ကုန်စည်ဈေးကွက်၌ ရေနံရောင်းဝယ်မှုပြီးလျှင် ဒုတိယအဆင့် အရေးပါဆုံးသော တန်ဖိုးမြင့် သီးနှံကုန်စည်တစ်ခုဖြစ်သည့်အပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းအများအပြားကို ဖော်ဆောင်ပေးသလို နိုင်ငံခြားဝင်ငွေကိုလည်း ရှာဖွေပေးနိုင်သော အလားအလာကောင်းမွန်သည့် စိုက်ပျိုးရေးအခြေခံ ထုတ်လုပ်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**Source: AMIA**

**#Awba #NEWS**

## ပြည်တွင်းကားဈေး အနည်းငယ်ပြန်ကျ

၂၀၂၂ ဇူလိုင်လအတွင်း ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေမည်ဆိုသည့်ဂယက်ကြောင့် အဆမတန်မြင့်တက်သွားခဲ့သည့် ပြည်တွင်းကားဈေးမှာ အောက်တိုဘာလအတွင်း အနည်းငယ်ပြန်လည်ကျဆင်းလာပြီဖြစ်ကြောင်း မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း(MAMDA)မှ သိရသည်။

"ဇူလိုင် ၂၃ ရက်နောက်ပိုင်း မြင့်သွားတဲ့ အမြင့်ဆုံးက ဩဂုတ်လအထိတော့ သွားပါတယ်။ စက်တင်ဘာလမှာ လုံးဝ အေးသွားတဲ့ အခြေအနေရောက်သွားပြီး အခုချိန်မှာ ပြန်ဆင်းတဲ့အခြေအနေကိုရောက်သွားတယ်။ ဇူလိုင် ၂၃ ရက်မတိုင်ခင် ဈေးတန်းကို မရောက်သေးတဲ့ ကားတွေလည်းရှိပါတယ်။ အားလုံးတော့မဟုတ်ဘူး"ဟု မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စွာထွန်းမြင့်ကဆိုသည်။ လက်ရှိ အိမ်သုံးလူစီးကားဈေးကွက်အတွင်းတွင် အနိမ့်ဆုံး ကျပ်သိန်း ၃၀၀၊ ကျပ်သိန်း ၄၀၀ ဝန်းကျင် ဈေးတန်းတွင်ရှိနေပြီး မော်ဒယ်လ်မြင့်ကားများအနေဖြင့် ကျပ်သိန်းတစ်သောင်းအောက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"အနိမ့်ဆုံး ကျပ်သိန်း ၃၅၀၊ ၄၀၀ လောက်မှ မပေးရင်လည်း အိမ်စီးအခြေခံကားတစ်စီး မရနိုင်သလို နည်းနည်း ကောင်းကောင်း စီးမယ်ဆိုရင်လည်း ကျပ်သိန်း ၆၀၀၊ ၇၀၀ မှ မပေးရင်လည်း မရနိုင်ဘူး"ဟု ၎င်းက ထပ်လောင်းပြောကြား သည်။

**Source:** https://t.me/sdtimedaily

## တရုတ်နိုင်ငံ၏ BRI အောက်ရှိ စိုက်ပျိုးရေးအကူအညီသည် ကမ္ဘာ့စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ အထောက်အကူဖြစ်စေလျက်ရှိ

Belt and Road Initiative (BRI) ၏ မူဘောင်အတွင်း စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုသည် စိုက်ပျိုးရေး ဖွံ့ဖြိုး တိုးတက်မှုအခွင့်အလမ်းများကို မျှဝေရန်၊ ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမွဲတေမှုလျှော့ချရန်နှင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံနိုင်ရန်

တို့အတွက် တရုတ်နိုင်ငံ၏ အရေးကြီးသော လမ်းကြောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ ယင်းမှာ မကြာသေးမီက ပြုလုပ်ခဲ့သော Belt and Road နိုင်ငံများအတွက် လယ်ယာထွက်ကုန် ဈေးကွက်စနစ်တည်ဆောက်ခြင်းဆိုင်ရာ နှီးနှော ဖလှယ်ပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်များ၏ အဓိကဆွေးနွေးမှုတစ်ခုဖြစ်ခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံ ရှစ်နိုင်ငံမှ ကိုယ်စားလှယ်များအနေဖြင့် တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာနမှ ကြီးမှူးကျင်းပသည့်ဆွေးနွေးပွဲ၌ တရုတ်နိုင်ငံနှင့်သက်ဆိုင်ရာနိုင်ငံ၏ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို မျှဝေနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် အခြေခံအဆောက်အအုံ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု များ၌ ချိတ်ဆက်မှုများကို အားကောင်းလာစေရန် ရည်ရွယ်၍ နိုင်ငံတကာအဖွဲ့အစည်းများစွာ၊ နိုင်ငံပေါင်းများစွာတို့နှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု များကို BRI မှတစ်ဆင့် ထူထောင်နိုင်ခဲ့သည်။

BRI အောက်တွင် တရုတ်နိုင်ငံသည် အီသီယိုးပီးယား၌ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်နိုင်ခဲ့ပြီး အီသီယိုးပီးယားနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက် ဖွံ့ဖြိုးမှုကို မြှင့်တင်ရန်အတွက် နည်းပညာဆိုင်ရာ အသိပညာများစွာ လွှဲပြောင်းပေးခဲ့ကြောင်း နှီးနှောဖလှယ်ပွဲတွင် အီသီယိုးပီးယားမှ ပါဝင်တက်ရောက်သူများက ဆွေးနွေး ခဲ့သည်။

လက်ရှိတွင် နိုင်ငံနှင့် ဒေသပေါင်း ၇၀ ကျော်သို့ စိုက်ပျိုးရေးကျွမ်းကျင်သူများနှင့် ပညာရှင် နှစ်ထောင်ကျော် စေလွှတ်ပြီး တရုတ်နိုင်ငံမှ တီထွင်ထားသည့် မှိုစိုက်ပျိုးနည်းလမ်း Juncao ကဲ့သို့သော စိုက်ပျိုးရေးနည်းပညာ ၁,၅၀၀ ကျော်နှင့် စပ်မျိုးစပါးများကို နိုင်ငံအများအပြားသို့ မိတ်ဆက်ပေးနိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် မိတ်ဖက်နိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ ကျော်ရှိပြီး နှစ်စဉ် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၄ ဘီလီယံအထိရှိလာသဖြင့် စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုသည်လည်း တဖြည်းဖြည်းနက်ရှိုင်းလာခဲ့ကြောင်း တရုတ်စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Ma Youxiang က ပြောကြားခဲ့သည်။

ပြင်းထန်သော ရာသီဥတုဖြစ်ရပ်များ၊ ကပ်ရောဂါဆိုင်ရာ အနှောင့်အယှက်များနှင့် ပထဝီ နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများ အပါအဝင် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့် ကာလများအတွင်းဖြစ်ပေါ်လာသည့် ပူးပေါင်းဆောင်ရွက်မှုများမှ အပြန်အလှန် အကျိုးအမြတ်များကို ဖော်ဆောင်လာနိုင်ခဲ့ပါသည်။

BRI ၏ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံများအနေဖြင့် ယင်းအခက်အခဲ များကို ကျော်လွှားပြီး စပါးရိတ်သိမ်းမှုများနှင့် ဆင်းရဲမွဲတေမှု လျှော့ချခြင်းများကို ဆောင်ရွက်လာနိုင်ခဲ့ကြောင်း၊ ချိတ်ဆက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပံ့ပိုးကူညီမှု၊ ငွေကြေးပေါင်းစည်းမှုနှင့်ဖလှယ်မှု မြှင့်တင်ရေးကဏ္ဍများ၌ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားလိုကြောင်း ဆွေးနွေးပွဲထုတ်ပြန်ချက်အရ သိရှိရသည်။

**အရင်းမြစ်။** https://news.cgtn.com/news/2023-10-19/China-s-agricultural-aid-under-BRI-helps-tackle-global-challenges--1o28H8XrkS4/index.html

**(လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ၊ ကူမင်းမြို့။)**

## တောင်ကိုရီးယားနိုင်ငံမှ Hyundai Motor က ဆော်ဒီအာရေးဗျနိုင်ငံတွင် ကားစက်ရုံတည်ထောင်သွားမည်

တောင်ကိုရီးယားနိုင်ငံရှိ Hyundai Motor သည် အရှေ့အလယ်ပိုင်းဒေသရှိ ကားထုတ်လုပ်မှုကဏ္ဍတွင် ခြေကုပ် ရယူထားနိုင်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၅၀၀တန်ဖိုးရှိအလိုအလျောက် ကားထုတ်လုပ်သည့်စက်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်ဟု ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ တွင် Hyundai Motor က ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် Hyundai Motor သည် ဆော်ဒီအာရေးဗျ နိုင်ငံတွင် Complete-Knock-Down (CKD) စက်ရုံ (မော်တော်ယာဉ်အစိတ်အပိုင်းငယ်များကို ပြည်ပမှတင်သွင်းပြီး ဆော်ဒီအာရေးဗျနိုင်ငံရှိကားစက်ရုံတွင် အစအဆုံးတပ်ဆင်ထုတ်လုပ်သည့် စက်ရုံ) ကို King Abdullah Economic City တွင်တည်ဆောက်ရန် ဆော်ဒီအာရေးဗျနိုင်ငံ

အချုပ်အခြာအာဏာပိုင် ဓနသဟာယရန်ပုံငွေ (Saudi Arabian Sovereign Wealth Fund) အဖွဲ့အစည်းဖြစ်သည့် ပြည်သူပိုင်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ (Public Investment Fund– PIF) နှင့် ဖက်စပ်စာချုပ်တွင် လက်မှတ်ရေး ထိုးခဲ့ပါသည်။ ယင်းသို့လက်မှတ်ရေးထိုးခြင်းကို ဆော်ဒီအာရေးဗျ–ကိုရီးယားရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ (Saudi Arabia–Korea Investment Forum) ကျင်းပစဉ် ကာလအတွင်း သီးသန့်အစီအစဉ် ကျင်းပ၍ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၄ ခုနှစ်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် ကားထုတ်လုပ်မှုစတင်နိုင်ရန် ရည်မှန်းထားကြောင်း၊ တစ်နှစ်လျှင် လျှပ်စစ်ကားနှင့်လောင်စာဆီသုံး ကားအစီးရေစုစုပေါင်း ၅၀,၀၀၀ ထုတ်လုပ်နိုင်မည် မျှော်မှန်းထားကြောင်း Hyundai Motor က ထုတ်ပြန်ခဲ့ပါသည်။

Hyundai Motor နှင့် PIF တို့ ဖက်စပ်စာချုပ်တွင် PIF က ၇၀ ရာခိုင်နှုန်း၊ Hyundai Motor က ၃၀ ရာခိုင်နှုန်းဖြင့် သဘောတူလက်မှတ်ရေးထိုးထားပါသည်။ ဆော်ဒီအာရေးဗျနိုင်ငံရှိ ကားစက်ရုံကို ၎င်းနိုင်ငံနှင့်ကိုက်ညီအောင် သီးသန့်ပြင်ဆင်ဆောက်လုပ်သွားမည့်အပြင် အမျိုးအစားမတူသော ကားများထပ်မံထုတ်လုပ်သွားနိုင်ရန် ရည်ရွယ်ဆောက်လုပ်မည် ဖြစ်ပါကြောင်း၊ အဆိုပါစက်ရုံကို အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကဒေသအတွက် ကားများထုတ်လုပ်ပေးသည့် နေရာအဖြစ် ဖန်တီးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါစက်ရုံသည် အလုပ်အကိုင်ထောင်ပေါင်းများစွာကို ဖန်တီးပေးနိုင်မည့်အပြင် နည်းပညာများကိုလည်း လွှဲပြောင်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဆော်ဒီအာရေးဗျနိုင်ငံသည်လည်း ရေနံထုတ်လုပ်မှုအပေါ် မှီခိုမှုကိုလျှော့ချကာ အနာဂတ်အတွက် အမျိုးမျိုးသော ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု အင်ဂျင်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း Hyundai Motor CEO ကပြောကြားခဲ့ပါသည်။

**Source: The Korea Times (24–10–23)**

**(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

## ဝယ်လိုအားခိုင်မာခြင်းကြောင့် မလေးရှားစားအုန်းဆီကြမ်း ဈေးနှုန်းများမြင့်တက်



တရုတ်နိုင်ငံမှ ဝယ်လိုအားမြင့်တက်ခြင်း၊ ပြည်ပသို့တင်ပို့မှုပမာဏ တိုးတက်လာခြင်းနှင့် ချီကာဂိုဈေးကွက်၌ ပဲပုတ်ဆီဈေးနှုန်းများ အားကောင်းခိုင်မာမှုရှိခြင်းတို့ကြောင့် မလေးရှားနိုင်ငံ ဘာဆာဆင့်ပွားစတော့ဈေးကွက် (Bursa Malaysia Derivatives Exchange) တွင် ဇန်နဝါရီလအတွက် သင်္ဘောတင်ပို့မည့် စားအုန်းဆီကြမ်းများ၏ဈေးနှုန်းသည် ၁၈-၁၀-၂၀၂၃ နေ့၌ မက်ထရစ် ၁ တန်လျှင် ရင်းဂစ်ငွေ ၃၈၁၀ နှုန်း (၈၀၃.၄၆ ဒေါ်လာ) သို့ ရောက်ရှိလျက် ယခင်နေ့ထက် ၀.၆၉% မြင့်တက်လာခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုသည် ယခင်လကာလတူထက် ၅.၆% တိုးတက်ခဲ့သည်ဟု AmSpec Agri Malaysia ကုန်ပစ္စည်းစစ်ဆေးရေး ကုမ္ပဏီက ၁၅-၁၀-၂၀၂၃ နေ့တွင် ပြောဆိုခဲ့သည်။ အခြား ကုန်ပစ္စည်း စစ်ဆေးရေးလုပ်ငန်းတစ်ခုဖြစ်သော Intertek Testing Services ကလည်း မလေးရှား၏ စားအုန်းဆီတင်ပို့မှုမှာ ၇.၇% အထိ တိုးတက်လာကြောင်း ပြောကြားထားခဲ့သည်။ နယူးဒေလီမြို့ အခြေစိုက်ကုန်သည်တစ်ဦးက ပြည်ပဈေးကွက်၌ စားအုန်းဆီအပေါ်ဝယ်လိုအားသည် လာမည့်ရက်သတ္တပတ် အနည်းငယ်ကြာအချိန်အထိ အားကောင်းနေဦးမည်ဟု ပြောဆိုပါသည်။

မလေးရှားစားအုန်းဆီဘုတ်အဖွဲ့မှ ၁၇-၁၀-၂၀၂၃ နေ့ သတင်းထုတ်ပြန်ချက်အရ မလေးရှားနိုင်ငံအနေဖြင့် နိုဝင်ဘာလတွင် စားအုန်းဆီတင်ပို့မှုများအတွက် ပို့ကုန်အခွန်ကို ပြောင်းလဲမှုမရှိပဲ ၈% ဆက်လက်ထားရှိပြီး ၎င်း၏ရည်ညွှန်းဈေးနှုန်းကို လျှော့ချခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်တွင် ဝေစုရယူမှုကို ယှဉ်ပြိုင်လျက်ရှိသည့်အတွက် ဆက်စပ်နေသည့် အခြားစားသုံးဆီများ၏ ဈေးနှုန်းများက စားအုန်းဆီဈေးနှုန်းအပေါ် သက်ရောက်မှုရှိကြောင်း၊ မလေးရှားနိုင်ငံရှိ တောင်ပိုင်းကျွန်းဆွယ်ဒေသ စားအုန်းဆီကြိတ်ခွဲထုတ်လုပ်သူများအသင်း၏ အချက်အလက်များအရ လအလိုက်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမလဝက်အတွင်း စားအုန်းဆီထုတ်လုပ်မှု ၀.၇၃% ကျဆင်းခဲ့ခြင်းကလည်း ဈေးနှုန်းခိုင်မာမှုကို ထောက်ပံ့ပေးခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုနှင့်အတူ ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာခြင်းကလည်း စားအုန်းဆီကို ဇီဝလောင်စာဆီအဖြစ်အသုံးပြုရန် အခွင့်အလမ်းများပြားလာစေခဲ့ကြောင်း Hellenic Shipping News သတင်းဝက်ဘ်ဆိုက်က ဖော်ပြထားသည်။

၁၈-၁၀-၂၀၂၃ နေ့၌ ချီကာဂိုကုန်သွယ်ရေးဘုတ်တွင် ပဲပုတ်ဆီဈေးနှုန်းများသည် ၀.၄% မြင့်တက်ခဲ့ပြီး ရေနံစိမ်းဈေးနှုန်းများသည်လည်း ၂% မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

Source: Hellenic Shipping News, 19 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/14470

## STOCK EXCHANGE (26.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,253 (Shares) | 9,647,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 8,900 | 8,900 | 340 | 3,026,000 | 33,109,694 | 294,676 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 882 | 2,602,150 | 38,929,150 | 116,788 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 555 | 943,500 | 29,664,613 | 50,430 |
| TMH | 00005 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 50 | 135,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,050 | 2,100 | 2,050 | 1,326 | 2,734,600 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 90 | 157,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 26th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.30 | +0.25 | +0.07% | 377.15 | 377.68 | 375.74 | 3,253 | 9,647,750 | 8 | 711,654 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 3,253 (Shares) | 9,647,750 (MMK) |

## Main Board

As of 1:00 pm, 26th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,253 (Shares) | 9,647,750 (MMK) |

| MYANPIX | 377.30 ▲ 0.25 |
|---|---|
| Total Volume (shares) | 3,253 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 711,654 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 50 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |